CRPH

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

crph.offical.mm@gmail.com

ကြေညာချက် အမှတ် (၄/၂၀၂၁)

ဖေဖော်ဝါရီလ (၁၄)ရက်၊ ၂၀၂၁ခုနှစ်။

၁။ အာဏာသိမ်းစစ်ကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၁)ပါ ပုဒ်မများနှင့် ညီညွတ်ခြင်းမရှိပဲ အဓမ္မအာဏာသိမ်းယူခဲ့ခြင်းဖြစ်သည့်အတွက် တရားဝင်အစိုးရမဟုတ်ကြောင်းကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) မှ ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

၂။ တရားမဝင်သည့် အာဏာသိမ်းစစ်ကောင်စီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ နှင့် ပုဒ်မ ၄၂၀ တို့ကို ကျင့်သုံးဆောင်ရွက်ခွင့် မရှိပေ။

၃။ အာဏာသိမ်းစစ်ကောင်စီသည် ဥပဒေပြဋ္ဌာန်းခွင့်မရှိသော တရားမဝင်အာဏာသိမ်း အဖွဲ့တစ်ခုဖြစ်ပါလျက်
(၁) နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ
(၂) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေ များကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်၊ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။

၄။ ဤဥပဒေနှစ်ရပ်သည် ပြည်သူကို ကိုယ်စားပြုသော ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ကြီးက ပြည်သူလူထု၏ လွတ်လပ်မှုနှင့် လုံခြုံမှုကို အကာကွယ်ပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြဋ္ဌာန်းခဲ့ခြင်းနှင့် ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။

၅။ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအခွင့်အရေးကို ဆန့်ကျင်သော ဥပဒေများပြဋ္ဌာန်းခြင်းဖြင့် ပြည်သူလူထု၏ အခွင့်အရေးများကို ကန့်သတ်ရန် ကြိုးစားခြင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဒီမိုကရေစီအသွင်ပြောင်းလဲမှုကို ဖျက်ဆီးရာရောက်သည်။

၆။ ဤဥပဒေများပါ အများပြည်သူ၏ လွတ်လပ်မှုနှင့် လုံခြုံမှုကို အကာအကွယ်ပြုသည့် ပုဒ်မများကို ဖျက်သိမ်းခြင်း၊ လွတ်လပ်မှုနှင့် လုံခြုံမှုကိုထိပါးသည့် ပုဒ်မများဖြည့်စွက်ခြင်းသည် အာဏာသိမ်းစစ်ကောင်စီ၏ မြန်မာပြည်သူများအပေါ် လူ့အခွင့်အရေးနှင့် နိုင်ငံသားအခွင့်အရေးများကို ဖြောင်ကျကျချိုးဖောက်လျက် စစ်ရာဇဝတ်မှုများ ကျူးလွန်ရန် ပြင်ဆင်လိုက်ခြင်းဖြစ်သည်။

၇။ ဥပဒေပြုခွင့်အာဏာမရှိသော အာဏာသိမ်းစစ်ကောင်စီ၏ ဥပဒေပြဋ္ဌာန်းချက်များကို (CRPH) က အသိအမှတ်မပြုကြောင်း နှင့် ပြည်သူများအနေဖြင့်လည်း လိုက်နာရန်မလိုအပ်ကြောင်း ထုတ်ပြန်လိုက်သည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ